# ကမ္ဘောဇဘဏ် သက်ငယ်ငွေစုဘဏ်စာရင်းစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) ၏ သက်ငယ်ငွေစုဘဏ်စာရင်းဝန်ဆောင်မှုအား ရယူအသုံးပြုကြမည့်သူများအနေဖြင့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျလိုက်နာကြရမည် ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ သက်ငယ်ငွေစုဘဏ်စာရင်းဝန်ဆောင်မှုအား တောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်းဖြင့် အသုံးပြုသူများအနေနှင့် အခါအားလျော်စွာ ပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ဝန်ခံအသိအမှတ်ပြုခြင်းနှင့် လက်ခံခြင်းပင် ဖြစ်သည်။

## ၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁.၁။ **'အလုပ်ဖွင့်ရက်'** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၂။ **'ဗဟိုဘဏ်'** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုလိုခြင်းဖြစ်သည်။

၁.၃။ **'ငွေအပ်နှံသူ'** ဆိုသည်မှာ ကမ္ဘောဇဘဏ်တွင် ငွေစာရင်းရှိသည့် သက်ငယ်ကို ဆိုလိုပြီး လုပ်ငန်းလည်ပတ်မှုလုပ်ဆောင်ရန် ရည်ရွယ်ချက်များအားလုံးအတွက် အုပ်ထိန်းသူ/မိဘလည်း ပါဝင်ရမည် ကို ဆိုလိုခြင်းဖြစ်သည်။

၁.၄။ **'အုပ်ထိန်းသူ/မိဘ'** ဆိုသည်မှာ သက်ငယ်၏ မိခင် သို့မဟုတ် ဖခင် သို့မဟုတ် ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း အာဏာပိုင်များက အသိအမှတ်ပြုထားသည့် သက်ငယ်အား တရားဝင် စောင့်ရှောက်မှုနှင့် ကြီးကြပ်မှုအတွက် တရားဝင် အခွင့်အာဏာနှင့် တာဝန် ရှိသောသူဖြစ်သည်။

၁.၅။ **'ငွေသွင်းငွေထုတ်မရှိသောစာရင်း'** ဆိုသည်မှာ ဝန်ဆောင်ခနှင့်အတိုးထည့်ငွေကဲ့သို့ကမ္ဘောဇဘဏ်၏လုပ်ဆောင်မှု အတိုင်း ဆောင်ရွက်သည့်လုပ်ဆောင်မှုမှအပ၊ ကမ္ဘောဇဘဏ်ကသတ်မှတ်ထားသည့် ကာလအတွင်း ငွေအပ်နှံသူက စတင်ဆောင်ရွက်သည့် ငွေထုတ်မှု (သို့မဟုတ်) ငွေသွင်းမှု မရှိသည့်ငွေစာရင်းကို ဆိုလိုသည်။

၁.၆။ **'အတိုးနှုန်း'** ဆိုသည်မှာ ငွေအပ်နှံသူ၏ ငွေစာရင်းသို့ ရရှိမည့် သက်ဆိုင်ရာ အတိုးနှုန်းကို ဆိုလိုသည်။

၁.၇။ **'မိတ်ဆက်သူ'** ဆိုသည်မှာ ကမ္ဘောဇဘဏ်တွင် အကောင့်ဖွင့်ထားသူနှင့် အုပ်ထိန်းသူ/မိဘ အသစ်ကို အကြံပြုထားသူကို ဆိုလိုသည်။ ငွေအပ်နှံသူအသစ်များအတွက် ထောက်ခံသူအဖြစ်ဆောင်ရွက်ပေးသော ကမ္ဘောဇဘဏ်၌ အပ်ငွေစာရင်းရှိပြီး သူတစ်ဦးကို ဆိုလိုသည်။

၁.၈။ **'ကမ္ဘောဇဘဏ်'** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် ကမ္ဘောဇဘဏ်မှ တည်ထောင်မည့် ဘဏ်ခွဲများ အပါအဝင် ယခုလက်ရှိဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁.၉။ **'KYC'** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် နှင့်/သို့ အခြား အခွင့်အာဏာပိုင်များမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသော "သင်၏ ဖောက်သည်ကို သိပါ" ဟူသော မှတ်ပုံတင်ရန် လိုအပ်ချက်များ ကို ဆိုလိုသည်။

၁.၁၀။ **'သက်ငယ်'** ဆိုသည်မှာ အသက် ၁၈ နှစ်အောက်ဖြစ်ပြီး တရားဝင်အသက်မပြည့်သေးသောသူများကို ဆိုလိုခြင်းဖြစ်သည်။

၁.၁၁။ **'သက်ငယ်ငွေစုဘဏ်စာရင်း '** ဆိုသည်မှာ ကမ္ဘောဇဘဏ်၏ သက်ငယ်ငွေစုဘဏ်စာရင်းဖြစ်ပြီး အသက် ၁၈ နှစ်အောက် အရွယ်မရောက်သေးသူများ၏ကိုယ်စား ငွေစုစာရင်းကို မိဘများ သို့မဟုတ် အုပ်ထိန်းသူမှ ဖွင့်လှစ်၊ စီမံခန့်ခွဲပြီး ထိန်းချုပ်ထားသည့် ငွေစာရင်း ဖြစ်ပါသည်။ လက်ကျန်ငွေပေါ်တွင် လစဉ် အတိုးအား လတစ်လ၏ ၅ရက်နေ့နှင့်

နောက်ဆုံးရက်ကြားရှိ အနည်းဆုံးရှိသည့် ပမာဏဖြင့် ကမ္ဘောဇဘဏ်မှအခါ အားလျော်သတ်မှတ်ပေးသည့် အတိုင်းတွက်ချက်ပေးမည်ဖြစ်သည်။

၁၁၂။ **'မြန်မာကျပ်'** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တရားဝင်အသုံးပြုသော ငွေကြေးကို ဆိုလိုသည်။

၁၁၃။ **'Passbook'** ဆိုသည်မှာ အပ်ငွေ၊ လွှဲပြောင်းငွေ၊ ထုတ်ယူငွေ၊ အတိုး အခများ အားလုံး၏ စုစုပေါင်းများကို မှတ်တမ်းတင်ထားသည့် ကမ္ဘောဇဘဏ်မှတရားဝင် ထုတ်ပေးသော စာအုပ်ကို ဆိုလိုသည်။

၁၁၄။ **'အခကြေးငွေဇယား'** ဆိုသည်မှာ ကမ္ဘောဇဘဏ်၏ဆုံးဖြတ်ချက်အရ အချိန်နှင့်အမျှပြောင်းလဲနိုင်သည့် ကမ္ဘောဇဘဏ်က ကောက်ခံသော အခကြေးငွေစာရင်းကို ဆိုလိုသည်။

၁၁၅။ **'Website'** ဆိုသည်မှာ www.kbzbank.com လိပ်စာရှိ ကမ္ဘောဇဘဏ်၏ website ကို ဆိုလိုသည်။

## ၂။ ကမ္ဘောဇဘဏ်တွင် သက်ငယ်ငွေစုဘဏ်စာရင်းဖွင့်လှစ်ခြင်း

၂.၁။ အုပ်ထိန်းသူ/မိဘသည် သက်ငယ်ငွေစုဘဏ်စာရင်းအား အသက် (၁၈)နှစ်အောက် သက်ငယ်များအတွက် ကမ္ဘောဇဘဏ်မှ လျှောက်လွှာပုံစံ နှင့် လိုအပ်သည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ အုပ်ထိန်းသူ/မိဘမှ ကိုယ်တိုင်လာရောက်၍ သက်ငယ်၏ အမည်ဖြင့် သက်ငယ်ငွေစုဘဏ်စာရင်းအား လျှောက်ထားနိုင်သည်။

၂.၂။ သက်ငယ်အတွက် ငွေစုစာရင်းဖွင့်မည့် အုပ်ထိန်းသူ/မိဘသည် အုပ်ထိန်းသူ/မိဘ၏ အမျိုးသားမှတ်ပုံတင်ကတ် (**NRC**)၊ သက်ငယ်၏ မွေးစာရင်း သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ် (**NRC**)၊ အိမ်ထောင်စု သန်းခေါင်စာရင်းနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများကို ကမ္ဘောဇဘဏ်သို့ တင်သွင်းရမည်။ အုပ်ထိန်းသူဖြစ်လျှင် ထိုသူအား အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေအရ အုပ်ထိန်းမှုခန့်အပ်သည့်စာဖြင့် အုပ်ထိန်းသူအဖြစ် ခန့်အပ်ရမည် ဖြစ်သည်။

၂.၃။ သက်ငယ်ငွေစုဘဏ်စာရင်းကိုဖွင့်သည့်အခါ အုပ်ထိန်းသူ/မိဘမှ ကမ္ဘောဇဘဏ်တွင် အကောင့်ဖွင့်ရန်အတွက် မိတ်ဆက်သူနှစ်ဦးအား ကမ္ဘောဇဘဏ်သို့ မိတ်ဆက်ရပါမည်။

၂.၄။ အသက် ၁၈ နှစ်နှင့်အထက်ရှိသော နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော အုပ်ထိန်းသူ/မိဘများသည် သက်ငယ်အတွက် သက်ငယ်ငွေစုဘဏ်စာရင်းကို ဖွင့်လှစ်ဆောင်ရွက်ရမည်။ အုပ်ထိန်းသူ/မိဘသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ပြီး ငွေစာရင်းဖွင့်လှစ်ရန် ပဋိညာဉ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၂.၅။ အုပ်ထိန်းသူ/မိဘသည် သက်ငယ် အတွက် ကမ္ဘောဇဘဏ်နှင့် ဖွင့်လှစ်ထားသော သက်ငယ်ငွေစုဘဏ်စာရင်း နှင့် စပ်လျဉ်းသည့် ငွေကြေးလွှဲပြောင်းမှုအားလုံးအတွက် တာဝန်ရှိမည်ဖြစ်သည်။

၂.၆။ သက်ငယ်ငွေစုဘဏ်စာရင်းအားလုံးကို အုပ်ထိန်းသူ/မိဘ၏ အုပ်ထိန်းမှုအောက်တွင် ဖွင့်လှစ်ထားရမည်ဖြစ်ပြီး အုပ်ထိန်းသူ/မိဘသည် သက်ငယ်၏အကျိုးအတွက် သက်ငယ်ငွေစုဘဏ်စာရင်းကို အုပ်ထိန်းသူ/မိဘမှ ဖွင့်လှစ်ပြီး လုပ်ဆောင်ရန် တာဝန်ယူရမည်ဖြစ်သည်။

၂.၇။ သက်ငယ်ငွေစုဘဏ်စာရင်းသည် သက်ငယ်၏ အသက် ၁၈ နှစ်မပြည့်မချင်း သက်တမ်းရှိမည်ဖြစ်ပြီး အုပ်ထိန်းသူ/မိဘသည် သက်ငယ်၏ အသက် ၁၈ နှစ် ပြည့်သည့်အခါတွင် သက်ငယ်ငွေစုဘဏ်စာရင်းကို ပိတ်သိမ်းခြင်း (သို့မဟုတ်) ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ငွေစာရင်း သို့ ပြောင်းလဲနိုင်သည်။

၂.၈။ ကမ္ဘောဇဘဏ်သည် သက်ငယ်ငွေစုဘဏ်စာရင်း/များကိုဖွင့်ရန် ငြင်းဆိုပိုင်ခွင့်ရှိသည်။

KBZ BANK
STRENGTH OF MYANMAR

၂.၉။ သက်ငယ်ငွေစုဘဏ်စာရင်းအတွက် ငွေစာရင်း/များထဲသို့ အနည်းဆုံး မြန်မာငွေကျပ် 'ကနဦး အပ်နှံငွေ' ငွေကျပ် ၁,၀၀၀ (ငွေကျပ်တစ်ထောင်) အား ငွေသားပေးသွင်းခြင်းဖြင့် ငွေစာရင်း စတင်ဖွင့်လှစ်နိုင်သည်။ သက်ငယ်ငွေစုဘဏ်စာရင်း၏ ငွေစုအတိုးနှုန်းကို ၁၀,၀၀၀ ကျပ် (တစ်သောင်းကျပ်) နှင့်အထက် လက်ကျန်ငွေပေါ်တွင် တွက်ချက်မည်။

၂.၁၀။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူအား ကြိုတင်အသိမပေးဘဲ သက်ငယ်ငွေစုဘဏ်စာရင်းတွင် ထားရှိရမည့် ကနဦးအပ်ငွေ ပမာဏနှင့် အနည်းဆုံး လက်ကျန်ငွေပမာဏအား မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်နိုင် သည်။

၂.၁၁။ ကမ္ဘောဇဘဏ်သည် သက်ငယ်ငွေစုဘဏ်စာရင်းတွင် ထည့်သွင်းထားသည့် အပ်နှံငွေအပေါ်ပေးမည့် အတိုးနှုန်းနှင့် တွက်ချက်သည့် နည်းလမ်းများကို မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏ တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့အား ပြုလုပ်နိုင်သည်။

၂.၁၂။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို ဤကမ္ဘောဇဘဏ် သက်ငယ်ငွေစုဘဏ်စာရင်း စည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များအား ကမ္ဘောဇဘဏ်၏တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းအား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂.၁၃။ သက်ငယ်ငွေစုဘဏ်စာရင်းသည် အခါအားလျော်စွာ အသက်ဝင်သည့် ကမ္ဘောဇဘဏ် ငွေစာရင်း၏ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချည်နှောင် အကျုံးဝင်မည် ဖြစ်သည်။

## ၃။ ငွေစာရင်း လုပ်ငန်းဆောင်ရွက်မှု

၃.၁။ အုပ်ထိန်းသူ/မိဘ သည် ငွေစာရင်းအမျိုးအစားအလိုက် အနည်းဆုံးလက်ကျန်ငွေ ပမာဏကို ထားရှိရန်လိုအပ်သည်။

၃.၂။ အုပ်ထိန်းမှုအောက်ရှိ သက်ငယ်အမည်ဖြင့် သက်ငယ်ငွေစု Passbook ကို အုပ်ထိန်းသူ/မိဘထံ ထုတ်ပေးပါမည်ဖြစ်သည်။

၃.၃။ အုပ်ထိန်းသူ/မိဘသည် သက်ငယ်ငွေစုဘဏ်စာရင်း၏ အလုံးစုံထိန်းချုပ်မှုရှိပြီး သက်ငယ်သည် ငွေစာရင်းတွင် အပ်ငွေအပ်ခြင်းများ၊ ငွေထုတ်ခြင်း သို့မဟုတ် အခြားငွေစာရင်းသို့ ငွေလွှဲခြင်းများ ပြုလုပ်၍မရပါ။

၃.၄။ သက်ငယ်ငွေစုဘဏ်စာရင်းအတွက် အုပ်ထိန်းသူ/မိဘသည် ကမ္ဘောဇဘဏ်ခွဲမှတစ်ဆင့် ငွေသားထုတ်ယူရန် သို့မဟုတ် အခြားငွေစာရင်းသို့ငွေလွှဲရန် ၎င်း၏မှတ်ပုံတင်နှင့် သက်ငယ်ငွေစု Passbook ကို ယူဆောင်လာရမည်။

၃.၅။ သက်ငယ်ငွေစုဘဏ်စာရင်းတစ်ခုအတွက် အုပ်ထိန်းသူ/မိဘသည် ၎င်း၏မှတ်ပုံတင်နှင့်အတူ Passbook မှ ငွေသားဖြင့် တစ်ပတ်လျှင် တစ်ကြိမ်သာ ငွေထုတ်ယူခွင့်ရှိသည်။

၃.၆။ ကမ္ဘောဇဘဏ်၏ အခကြေးငွေဇယားတွင် ဖော်ပြထားသည့်အတိုင်း အကောင့်တွင် ကောက်ခံမှုနှင့် အခကြေးငွေများကို ကမ္ဘောဇဘဏ်မှ ကောက်ခံခွင့်ရှိသည်။

၃.၇။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်မှ အခါအားလျော်စွာ သတ်မှတ်သည့် အတိုးငွေများကို ရပိုင်ခွင့်ရှိသည်။

## ၄။ PASSBOOK

၄.၁။ Passbook သည် အပ်ငွေ၊ လွှဲပြောင်းငွေ၊ ထုတ်ယူငွေ၊ အဖိုးအခများ အားလုံး၏ စုစုပေါင်းများကို မှတ်တမ်းတင်ထား သည့် ကမ္ဘောဇဘဏ်ကတရားဝင် ထုတ်ပေးသော စာအုပ် ဖြစ်သည်။

၄.၂။ အသေးစိတ်အသုံးပြုမှုနှင့် အသေးစိတ်အချက်အလက်များကို ကမ္ဘောဇဘဏ်စာအုပ်အဖုံးအတွင်း ရိုက်နှိပ်ထားသည်။

၄.၃။ Passbook အထားမှား၊ ပျောက်ဆုံး (သို့မဟုတ်) အခိုးခံရလျှင် အုပ်ထိန်းသူ/မိဘသည် ကမ္ဘောဇဘဏ်သို့ စာဖြင့် ချက်ခြင်း အကြောင်းကြားရမည်။

၄.၄။ လက်ရှိ Passbook အား အားလုံးသုံးစွဲပြီးလျှင် (သို့မဟုတ်) Passbook သည် ပျောက်ဆုံး (သို့မဟုတ်) ပျက်စီး သွားလျှင် အုပ်ထိန်းသူ/မိဘသည် သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ဘဏ်ဝန်ဆောင်ခများ ပေးဆောင်၍ အသစ်ထုတ်ပေးရန် တောင်းခံခွင့်ရှိသည်။

၄.၅။ မည်သူမှ Passbook တွင်ပါရှိသော ကမ္ဘောဇဘဏ်၏တရားဝင်ရေးသွင်းချက် တစ်စုံတစ်ရာကိုပြင်ဆင် ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်းများ မပြုလုပ်ရပါ။

## ၅။ လွှဲပြောင်းနိုင်မှု

၅.၁။ အုပ်ထိန်းသူ/မိဘသည် သက်ငယ် ကိုယ်စား သက်ငယ်ငွေစုဘဏ်စာရင်းနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများကို သက်ငယ်၏ အကျိုးအတွက်သာ သက်ငယ်ငွေစုဘဏ်စာရင်းကို ဆောင်ရွက်အသုံးပြုနိုင်ပြီး မည်သို့ပင်ဖြစ်စေ လွှဲပြောင်းခြင်းမပြုရပါ။

၅.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏အခွင့်အရေး၊ အကျိုးခံစားခွင့် (သို့မဟုတ်) တာဝန်များအားလုံးကို မည်သူ့ကိုမဆို လွှဲပြောင်း၊ လွှဲအပ် (သို့မဟုတ်) ရောင်းချခွင့်ရှိပြီး ဤစည်းကမ်းချက်များသည် ကမ္ဘောဇဘဏ်ကိုဆက်ခံသူ၊ လွှဲပြောင်း လက်ခံသူများ၏ အကျိုးအတွက် ဆက်လက်အာဏာသက်ရောက်စေရမည်။

## ၆။ အုပ်ထိန်းသူ/မိဘ၏ တာဝန်ဝတ္တရားများ

၆.၁။ အုပ်ထိန်းသူ/မိဘသည် တိကျမှန်ကန်၍ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသောအချက်အလက်များကို ပေးရန် တာဝန်ရှိသည်။ ကမ္ဘောဇဘဏ်သည် အုပ်ထိန်းသူ/မိဘမှပေးသော အချက်အလက်နှင့် စာရွက်စာတမ်းများ အားလုံးသည် တိကျမှန်ကန်၍ နောက်ဆုံးပေါ်အချက်အလက် ဖြစ်သည်ဟု မှတ်ယူပါသည်။

၆.၂။ သက်ငယ်ငွေစုဘဏ်စာရင်းကို စီမံခန့်ခွဲထိန်းချုပ်ခဲ့သော မိဘ/အုပ်ထိန်းသူသည် သက်ငယ် အသက် (၁၈)ပြည့်ပြီး အရွယ်မရောက်ခင် သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို ကိစ္စရပ်များကို ဆောင်ရွက်နိုင်စွမ်းမရှိလျှင် အောက်ပါအခြေအနေများကို ကျင့်သုံးရမည်-

၆.၂.၁။ အကယ်၍ သက်ငယ်တွင် ကျန်ရစ်သူမိဘတစ်ဦးကျန်ရှိလျှင် သက်ငယ်ငွေစုဘဏ်စာရင်းကို စီမံခန့်ခွဲထိန်းချုပ်ခဲ့သောမိဘ၏ သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို ကိစ္စရပ်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း ကိစရပ်များအတွက် ကမ္ဘောဇဘဏ်သို့ ဆောလျင်စွာ အကြောင်းကြားရမည်ဖြစ်ပါသည်။ ကျန်ရစ်သူမိဘသည် ကမ္ဘောဇဘဏ်သို့ စိစစ်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများကို ပေးပို့ခြင်းဖြင့် သက်ငယ် ငွေစုဘဏ်စာရင်းနှင့် ဆက်စပ်နေသော မိဘကို ပြောင်းလဲရန် တောင်းဆိုရမည်။

၆.၂.၂။ အကယ်၍ ကျန်ရစ်သူမိဘမရှိလျှင်၊ သို့မဟုတ် ကျန်ရစ်သူမိဘသည် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် သက်ငယ်ငွေစုဘဏ်စာရင်းကို စီမံခန့်ခွဲနိုင်ခြင်းမရှိဟု ယူဆပါက၊ သက်ငယ်ငွေစုဘဏ်စာရင်းကို စီမံခန့်ခွဲရန် သက်ငယ်အတွက် တရားဝင် အုပ်ထိန်းသူအား ခန့်အပ်ရမည်။ အဆိုပါခန့်အပ်ထားသော တရားဝင်အုပ်ထိန်းသူသည် စိစစ်အတည်ပြုရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ ကမ္ဘောဇဘဏ်လီမိတက်သို့ တင်ပြရန် လိုအပ်ပါသည်။

၆.၂.၃။ အကယ်၍ လက်ရှိ အုပ်ထိန်းသူ သည် သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် သက်ငယ်၏ အုပ်ထိန်းသူအနေဖြင့် မည်သည့်အကြောင်းကြောင့်မဆို ကိစ္စရပ်များကို မဆောင်ရွက်နိုင်ပါက၊ အသစ်ခန့်အပ်ထားသော တရားဝင် ထိုအုပ်ထိန်းသူ သေဆုံးခြင်း သို့မဟုတ် စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို ကိစ္စရပ်များ လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း ကမ္ဘောဇဘဏ်သို့ ဆောလျင်စွာ အသိပေးရမည်ဖြစ်ပါသည်။ အသစ်ခန့်အပ်ထားသော တရားဝင် အုပ်ထိန်းသူ သည် ကမ္ဘောဇဘဏ်သို့ စိစစ်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများကို ပေးပို့ခြင်းဖြင့် သက်ငယ်ငွေစုဘဏ်စာရင်းနှင့် သက်ဆိုင်သည့် အုပ်ထိန်းသူကို ပြောင်းလဲရန် တောင်းဆိုမည်ဖြစ်ပါသည်။

၆.၂.၄။ အကယ်၍မိဘနှစ်ပါးစလုံး ကွယ်လွန်ပြီး အုပ်ထိန်းသူအား ခန့်အပ်ထားခြင်းမပြုပါက၊ သက်ငယ်အတွက် အုပ်ထိန်းသူအား ခန့်အပ်ခြင်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများသည် တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်သည်။

၆.၃။ အုပ်ထိန်းသူ/မိဘထံ ထုတ်ပေးသော သက်ငယ်ငွေစု Passbook ကို တရားမဝင် ငွေကြေးလွှဲပြောင်းမှု သို့မဟုတ် ထိုရည်ရွယ်ချက်များအတွက် အသုံးမပြုရမည်ကို အုပ်ထိန်းသူ/မိဘက ထပ်မံသဘောတူ၊ အတည်ပြုပြီး လိုက်နာပါသည်။

၆.၄။ သက်ငယ် အသက် ၁၈ နှစ်ပြည့်ပြီးပါက အုပ်ထိန်းသူ/မိဘသည် ကမ္ဘောဇဘဏ်သို့ အသိပေးအကြောင်းကြားခြင်းအတွက် အပြည့်အဝတာဝန်ရှိသည်ကို သဘောတူပါသည်။ အုပ်ထိန်းသူ/မိဘ နှင့် သက်ငယ် နှစ်ဦးစလုံးသည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ငွေစာရင်းသို့ ကူးပြောင်းရန် သို့မဟုတ် သက်ငယ်ငွေစုဘဏ်စာရင်းကို ပိတ်ရန်အတွက် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အချိန်အတိုင်း အတာတစ်ခုအတွင်း လိုအပ်သော သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ ကမ္ဘောဇဘဏ် သို့ လူကိုယ်တိုင် လာရောက်ရန် လိုအပ်သည်။ ထိုသို့ လုပ်ဆောင်ရန် အုပ်ထိန်းသူ/မိဘမှ ပျက်ကွက်ပါက ကမ္ဘောဇဘဏ်သည် အုပ်ထိန်းသူ/မိဘအား ကြိုတင်အကြောင်းကြားရန်တာဝန်မရှိဘဲ ငွေစာရင်းကို ပိတ်ပင်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်းတို့ကို ဖြင့် ဝန်ဆောင်မှုအားတားမြစ်ခွင့်ရှိသည်ကိုသည် သိရှိနားလည်သဘောတူ ပါသည်။

## ၇။ တာဝန်ရှိမှုကန့်သတ်ချက်

ဤစည်းမျဉ်းများနှင့်စည်းကမ်းသတ်မှတ်ချက်များ သို့မဟုတ် သက်ဆိုင်ရာတည်ဆဲဥပဒေ၏ လိုအပ်ချက်များ အရ အတိအလင်း ဖော်ပြထားသည်မှတပါး ကမ္ဘောဇဘဏ်အနေဖြင့် မကောင်းသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းမရှိလျှင် ဤစည်းမျဉ်းများ နှင့် စည်းကမ်းသတ်မှတ်ချက်များအရ မည်သည့် တာဝန်ဝတ္တရားမျိုးကိုမဆို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ပေါ်ပေါက်လာရသော ငွေအပ်နှံသူ၏ မည်သည့်ကိစ္စရပ်အတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်ရှိမည်မဟုတ်ပါ။ အထက်ဖော်ပြပါအချက်များသာမက ကမ္ဘောဇဘဏ်၏ ထိန်းချုပ်မှုထက် ကျော်လွန်သည့် အခြေအနေများမှ ဖြစ်ပေါ်လာသော ကြန့်ကြာမှုများ သို့မဟုတ် အမှားများ အပါအဝင်ဟုသာ ကန့်သတ်ထားခြင်းမရှိဘဲ အစိုးရ အာဏာပိုင်များ၏ လုပ်ရပ်များ၊ နိုင်ငံတော် အရေးပေါ်အခြေအနေ၊ ဆူပူသောင်းကျန်းမှု၊ စစ်ပွဲ၊ သဘာဝဘေး အန္တရာယ်များ၊ အဓိကရုဏ်းများ၊ ပျက်ကွက်မှုများ (သို့မဟုတ်) ကုန်သည်များထံသို့ ငွေပေးချေခြင်း၊ ကုန်သည်များ၏ ပျက်ကွက်မှုများ၊ ဆက်သွယ်ရေးစနစ်များ ချို့ယွင်းမှု၊ သို့မဟုတ် စက်ကိရိယာ သို့မဟုတ် စနစ်များတွင် အခက်အခဲများ သို့မဟုတ် ချို့ယွင်းမှုများအတွက် ကမ္ဘောဇဘဏ်လီမိတက်တွင် တာဝန်ရှိမည်မဟုတ်ပါ။ အထက်ဖော်ပြပါအချက်များဟုသာ ကန့်သတ်ထားခြင်း မရှိဘဲ စက်ကိရိယာ၊ အင်တာနက် ဝန်ဆောင်မှု၊ ငွေပေးချေမှုစနစ် သို့မဟုတ် ဖောက်သည် ဝန်ဆောင်မှု လုပ်ဆောင်ချက် တစ်ခုခုကြောင့် ကြန့်ကြာမှု၊

ချို့ယွင်းမှု သို့မဟုတ် ချို့ယွင်းချက်များအတွက် ကမ္ဘောဇဘဏ်မှ တာဝန်ယူမည်မဟုတ်ပါ။ ကမ္ဘောဇဘဏ်သည် ငွေအပ်နှံသူအား တာဝန်ခံမှုရှိပါက၊ ငွေအပ်နှံသူ၏ အမှန်တကယ်နှင့် တိုက်ရိုက်ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ရယူရန် အခွင့်အရေးရှိမည်ဖြစ်သည်။ ငွေအပ်နှံသူမှ ထိုသို့သော ပျက်စီးမှုများ ဖြစ်နိုင်ခြေကို ကမ္ဘောဇဘဏ်မှ အကြံပြုထားသော်လည်း ငွေအပ်နှံသူသည် သွယ်ဝိုက်သော၊ အကျိုးဆက် နောက်ဆက်တွဲဖြစ်သော၊ စံနမူနာပြုသော၊ သို့မဟုတ် အထူးပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ရယူရန် အခွင့်အရေး ရှိမည်မဟုတ်ပါ။

## ၈။ ကြွေးမြီတာဝန်များ

ကမ္ဘောဇဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်မရဘဲ အုပ်ထိန်းသူ/မိဘသည် ကမ္ဘောဇဘဏ်ရှိ သက်ငယ်ငွေစုဘဏ်စာရင်းမှ သော်လည်းကောင်း၊ ယင်းစာရင်းထဲရှိ ငွေတစ်ခုခုမှသော်လည်းကောင်း၊ ကြွေးမြီတာဝန်တစ်ခုခု (သို့မဟုတ်) အခြားသောအဖွဲ့၏ အကျိုးစီးပွားတစ်ခုခု ဖန်တီးခြင်း၊ ဖြစ်ပေါ်ခွင့်ပြုခြင်းတို့ မဖြစ်စေရ။

## ၉။ နုတ်ယူပိုင်ခွင့်

အုပ်ထိန်းသူ/မိဘသည် အခြားလူပုဂ္ဂိုလ်မှဖြစ်စေ၊ ကမ္ဘောဇဘဏ်မှဖြစ်စေ သို့မဟုတ် မည်သည့် အကြောင်းပြချက်ကြောင့်ဖြစ်စေ မှားယွင်းလွှဲပြောင်းမိသောကြောင့် ၎င်း၏ငွေစာရင်းတွင်ပိုနေသောငွေများကို ပြန်ပေးရန် တာဝန်ရှိပါသည်။ ယင်းပိုငွေများသည် အုပ်ထိန်းသူ/မိဘ၏ ရပိုင်ခွင့်ရှိသည့် ငွေများမဟုတ်သည့်အားလျော်စွာ မည်သည့်ကန့်သတ်ချက်၊ အသိပေးချက်မှပေးပို့ခြင်းမရှိဘဲ သို့မဟုတ် လျော်ကန်သင့်မြတ်သည့် နည်းလမ်းအရပ်ရပ်ဖြင့် နုတ်ယူနိုင်သည်။

## ၁၀။ စွန့်လွှတ်မှု

၁၀.၁။ ဤစည်းကမ်းချက်ပါ ရပိုင်ခွင့်၊ အာဏာ (သို့မဟုတ်) အခွင့်အရေးကိုကျင့်သုံးရန် ကမ္ဘောဇဘဏ်ကပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးခြင်းသည် စွန့်လွှတ်ခြင်းဟု မမှတ်ယူရပါ။ ထို့အတူ ရပိုင်ခွင့်၊ အာဏာ သို့မဟုတ် အခွင့်အရေးကို တစ်ခုတည်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းတည်း ကျင့်သုံးမှုသည်လည်း အခွင့်အရေးများကို စွန့်လွှတ်ခြင်း မမြောက်စေရ။

၁၀.၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေအရပေးအပ်ထားသော အခွင့်အရေး (သို့မဟုတ်) ကုစားမှု တို့အပြင် ဤစည်းကမ်းချက်များတွင် ဖော်ပြထားသော ကမ္ဘောဇဘဏ်၏အခွင့်အရေးများနှင့် ကုစားမှုများအား ထပ်ပေါင်းထည့်ထား ခြင်း ဖြစ်သည်။

## ၁၁။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့်ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသောမလွန် ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှု မရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့်

မည်သည့်လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို အုပ်ထိန်းသူ/မိဘသည်နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများ ကြုံတွေ့ရသည့် အတိုင်းအတာအပေါ်မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ကမ္ဘောဇဘဏ်ကပေးသည့် ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ် ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် အုပ်ထိန်းသူ/မိဘအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၁၂။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၁၂.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ ပါဝင်သည့် ငွေကြေးလွှဲပြောင်းမှုများပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အား တားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၂.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး နှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကိုစီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့်စည်းမျဉ်းများနှင့်မဆို ကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်အားလုံးကို အုပ်ထိန်းသူ/မိဘ ကပေးအပ်ရမည်။

၁၂.၃။ မည်သည့် ငွေကြေးလွှဲပြောင်းမှုမျိုးအတွက်မဆို ကမ္ဘောဇဘဏ်ကဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှုမရှိကြောင်း အုပ်ထိန်းသူ/မိဘက ထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၁၃။ လျော်ကြေးအာမခံခြင်း

၁၃.၁။ သက်ငယ်ငွေစုဘဏ်စာရင်းလုပ်ဆောင်မှု သို့မဟုတ် အသုံးပြုမှုကြောင့် ပေါ်ပေါက်လာရသည့် အခြားသောဆုံးရှုံးမှု၊ ဤစည်းကမ်းချက်တစ်ခုခုကို ငွေအပ်နှံသူက ချိုးဖောက်မှု၊ လိုက်နာဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ခြင်းမရှိမှု သို့မဟုတ် ၎င်း၏တာဝန်များ ဆောင်ရွက်ရာတွင် ငွေအပ်နှံသူမှ အမှားအယွင်းဖြစ်ခြင်း၊ ကိုယ်စားပြုခြင်း၊ ကိုယ်စားပြုမှုမှားယွင်းခြင်း၊ မသမာမှုပြုခြင်း၊ ပေါ့ဆမှုများကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်တာဝန်ရှိမှု၊ အခြား မည်သည့်ဆုံးရှုံးမှုကိုမျှ ကမ္ဘောဇဘဏ်ကတာဝန်မရှိစေရန်၊ အုပ်ထိန်းသူ/မိဘသည် သူ/သူမ၏ ကိုယ်ပိုင် ကုန်ကျစရိတ်ဖြင့် ကမ္ဘောဇဘဏ်ကို လျော်ကြေးပေးရန်၊ ကမ္ဘောဇဘဏ်အား ယင်းတို့မှ အကာအကွယ်ပေးရန်နှင့် ကမ္ဘောဇဘဏ်တွင် ထိခိုက်နစ်နာမှုမဖြစ်စေရန် အုပ်ထိန်းသူ/မိဘကသဘောတူသည်။

၁၃.၂။ မည်သည့်အခြေအနေမျိုးတွင်မှ သက်ငယ်ငွေစုဘဏ်စာရင်းနှင့်စပ်လျဥ်း၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဆက် ဖြစ်သည့် ပျက်စီးဆုံးရှုံးမှုများကြောင့်ဖြစ်စေ ပေါ်ပေါက်လာရသော ဆုံးရှုံးမှုများအတွက် ကမ္ဘောဇဘဏ်က အုပ်ထိန်းသူ/မိဘကို ပေးရန် တာဝန်မရှိစေရ။

၁၃.၃။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ပါ တာဝန်တစ်ခုခုကိုဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် အုပ်ထိန်းသူ/မိဘသည် အနေဖြင့် (တိုက်ရိုက်ဖြစ်စေ (သို့) သွယ်ဝိုက်၍ဖြစ်စေ) ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု၊ အငြင်းပွားမှု အစရှိသည့် ကိစ္စရပ်များအတွက် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရပါ။

၁၃.၄။ ကမ္ဘောဇဘဏ်မှ ကောက်ခံရရှိသည့် ချက်လက်မှတ်၊ ပြေစာ သို့မဟုတ် အခြားစာရွက်စာတမ်း တစ်ခုပေါ်တွင် ငွေအပ်နှံသူ ၏ ထောက်ခံချက် သို့မဟုတ် ထုတ်ပေးကြောင်း အာမခံချက်ဖြင့် အုပ်ထိန်းသူ/မိဘ၏ တောင်းဆို ဖော်ပြချက်အရ ပေးအပ်ခဲ့သည့် ကိစ္စတိုင်းတွင် ကမ္ဘောဇဘဏ်မှ မည်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက်မဆို အုပ်ထိန်းသူ/မိဘတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၃.၅။ အုပ်ထိန်းသူ/မိဘ၏ ကမ္ဘောဇဘဏ်ရှိ သက်ငယ်ငွေစုဘဏ်စာရင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်ပါ ကမ္ဘောဇဘဏ်၏ လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် ညွှန်ကြားချက်များ လက်ခံခြင်း၊ ဖက်စ်ပေးပို့ ခြင်းနှင့် အခြားဆက်သွယ်ရေး (သို့မဟုတ်) အီလက်ထရောနစ် ညွှန်ကြားချက်များအား ဆောင်ရွက်ခြင်း(သို့မဟုတ်) ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ကမ္ဘောဇဘဏ်မှဖြစ်ပေါ်လာနိုင်သည့် အရေးယူမှုများ၊ တရားစွဲဆိုမှုများ၊ တောင်းဆိုမှုများ၊ နစ်နာဆုံးရှုံးမှုများ၊ ကုန်ကျမှုများ၊ အတိုး (တရားစီရင်ဆုံးဖြတ်မှုမတိုင်မီနှင့် ဆုံးဖြတ်ပြီးနောက်နှစ်ခုလုံး အပါအဝင်)နှင့် ကုန်ကျစရိတ်များ (ရှေ့နေနှင့်အမှုသည်ကြား အခြေခံသည့် ဥပဒေရေးရာစရိတ်အပါအဝင်) စသည်တို့ အတွက် သက်ငယ်ငွေစုဘဏ်စာရင်းတွင်သာ တာဝန်ရှိစေမည် ဖြစ်သည်။

၁၃.၆။ သက်ငယ်ငွေစုဘဏ်စာရင်းကို ပိတ်သိမ်းလင့်ကစား အထက်ဖော်ပြပါ လျော်ကြေးအာမခံချက်များမှာ ဆက်လက်တည်ရှိ နေမည် ဖြစ်သည်။

## ၁၄။ အချက်အလက် ထုတ်ဖော်ပြောကြားခြင်း

ကမ္ဘောဇဘဏ်သည် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အခါ (သို့မဟုတ်) ကမ္ဘောဇဘဏ်မှ လိုအပ်သည့် (သို့မဟုတ်) အထောက်အကူပြုသည်ဟုယူဆသည့်အခါ (တစ်ဦးတည်း ဖြစ်စေ၊ အခြားသူများနှင့်ပူးတွဲ၍ဖြစ်စေ ကမ္ဘောဇဘဏ်မှရယူထားသည့်ဝန်ဆောင်မှုများ၊ ချေးငွေတစ်ခုခု၏ ကြွေးမြီဆန်းစစ်မှုရည်ရွယ်ချက် အပါအဝင်) အုပ်ထိန်းသူ/မိဘနှင့် ဆိုင်သော အချက်အလက်များ၊ သူ/ သူမ ၏ ငွေစာရင်း(များ) ၊ (သို့မဟုတ်) ရရန်ပိုင်ခွင့်များ (သို့မဟုတ်) သက်ငယ်ငွေစုဘဏ်စာရင်း/များ ငွေအပ်နှံသူ သက်ဆိုင်သည့် သတင်းအချက်အလက်၊ ချေးငွေများနှင့် မည်သည့်အချက်အလက် မဆိုကို ငွေအပ်နှံသူ၏ ကိုယ်စား အောက်ပါတို့ထံသို့ ကမ္ဘောဇဘဏ်အားပေးခွင့်ပြုသည် -

၁၄.၁။ ကမ္ဘောဇဘဏ်၏ ရုံးချုပ်၊ အဖွဲ့ဝင်ကုမ္ပဏီ၊ ဘဏ်ခွဲ (သို့မဟုတ်) လက်အောက်ခံတစ်ခုခု၊

၁၄.၂။ စာရင်းစစ်များ၊ ကျွမ်းကျင်အကြံပေးများနှင့်လျို့ဝှက်ထားရှိရန် တာဝန်နှင့်သက်ဆိုင်သည့် အခြားပုဂ္ဂိုလ်(များ)၊

၁၄.၃။ ကမ္ဘောဇဘဏ်ကွန်ပျူတာစနစ်များကိုရောင်းချသူ၊ တပ်ဆင်ပေးသူ၊ ပြင်ဆင်ထိန်းသိမ်းသူ (သို့မဟုတ်) ပြုပြင်ပေးသူ များ၊

၁၄၊၄။ ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်ရုံးချုပ် (သို့မဟုတ်) ကမ္ဘောဇဘဏ်ခွဲတစ်ခုခုအပေါ်၊ သို့မဟုတ် အုပ်ထိန်းသူ/ မိဘ (သို့မဟုတ်) သက်ငယ်ငွေစုဘဏ်စာရင်းနှင့်ငွေစာရင်းကဆောင်ရွက်သည့် ငွေကြေးလုပ်ငန်းများအပေါ် စီရင်ပိုင်ခွင့်ရှိသော စတော့အိတ်ချိန်း၊ ဈေးကွက် (သို့မဟုတ်) အာဏာပိုင်တစ်ခုခု၊

၁၄၊၅။ အဆိုပါတောင်းဆိုမှု သို့မဟုတ် မေတ္တာရပ်ခံမှုကို လုပ်ခွင့်ရှိသောအဖွဲ့တစ်ခုခု၊

၁၄၊၆။ စည်းကမ်းချက်များအရ မိမိ၏အခွင့်အရေး၊ တာဝန် (သို့မဟုတ်) စွန့်စားရမှုများကို ရောင်းချရန် (သို့မဟုတ်) လွှဲအပ်ရန် (သို့မဟုတ်) မျှဝေရန် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဉ်ပြုရန် ကမ်းလှမ်းသူ တစ်ဦးဦး၊

၁၄၊၇။ ငွေအပ်နှံသူ ၏သက်ငယ်ငွေစုဘဏ်စာရင်းနှင့်ငွေစာရင်း(များ) (သို့မဟုတ်) ချေးငွေများ (သို့မဟုတ်) ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုများပေးရန်အတွက် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဉ်ပြုရန် ကမ်းလှမ်းသူတစ်ဦးဦး (အေးဂျင့်၊ ကန်ထရိုက်တာ (သို့မဟုတ်) တတိယအဖွဲ့ဝန်ဆောင်မှုပေးသူများ အပါအဝင်) ၊

၁၄၊၈။ အုပ်ထိန်းသူ/မိဘ နှင့်ဆက်ဆံရန် (သို့မဟုတ်) အုပ်ထိန်းသူ/မိဘကို ဝန်ဆောင်မှုပေးရန် (သို့မဟုတ်) ငွေအပ်နှံသူ ၏သက်ငယ်ငွေစုဘဏ်စာရင်း၏ ငွေစာရင်းများ၊ ချေးငွေများဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆက်ဆံရေး အရာရှိများအပါအဝင် ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ် ၏ရုံးချုပ် (သို့မဟုတ်) အဖွဲ့ဝင်ကုမ္ပဏီကခန့်ထားသည့် (သို့မဟုတ်) အေးဂျင့်အဖြစ်ပါဝင်စေသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

၁၄၊၉။ ဒေတာတွက်ချက်မှုနှင့် အခြားအုပ်ချုပ်ရေးလုပ်ငန်းများကို ကမ္ဘောဇဘဏ်က ဗဟိုထိန်းချုပ်နိုင်ရန် (သို့မဟုတ်) အထက်ပါဝန်ဆောင်မှု/လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်၏ရုံးချုပ်၊ ယင်း၏ အဖွဲ့ဝင်များ (သို့မဟုတ်) တတိယအဖွဲ့ များသို့ လုပ်ငန်းအပ်နှံနိုင်ရန် ဆောင်ရွက်ခြင်း၊

၁၄၊၁၀။ ၎င်း/သူ/သူမ၏တာဝန်ကိုထမ်းဆောင်ရာတွင် ငွေအပ်နှံသူက ပြစ်ချက်ကျူးလွန်သည့် ဖြစ်ရပ်တွင် အစိုးရ/ စည်းကမ်း ထိန်းသိမ်းရေး/တရားရေးအာဏာပိုင် တစ်ဦးဦးထံသို့ ပေးအပ်ခြင်း။

## ၁၅။ အထွေထွေ

၁၅၊၁။ ကမ္ဘောဇဘဏ်သို့ အုပ်ထိန်းသူ/မိဘ ကပေးထားသည့် အုပ်ထိန်းသူ/မိဘ ၏လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ email address၊ အဓိကသက်သေခံစာရွက်စာတမ်းများ (မှတ်ပုံတင် သို့မဟုတ် နိုင်ငံကူးလက်မှတ်စသည်) (သို့မဟုတ်) အခြားအချက် အလက်တစ်ခုခု အပြောင်းအလဲဖြစ်ပါက အုပ်ထိန်းသူ/မိဘသည် ဘဏ်သို့ ဖြစ်နိုင်သမျှဆောလျင်စွာ အကြောင်းကြား ရမည်။

၁၅၊၂။ အုပ်ထိန်းသူ/မိဘသည် သူ/သူမ၏ငွေစာရင်းကို ပိတ်သိမ်းရန် (သို့မဟုတ်) ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ငွေစာရင်းကို ပြောင်းလဲရန် ရွေးချယ်ပါက ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲသို့ အုပ်ထိန်းသူ/မိဘ ကိုယ်တိုင် လာရောက်ရမည်။

၁၅၊၃။ အုပ်ထိန်းသူ/မိဘ သည် သက်ငယ်ငွေစုဘဏ်စာရင်းကို ပိတ်သိမ်းသည့်အခါ၊ အုပ်ထိန်းသူ/မိဘ သည် ၎င်း၏ Cheques book သို့မဟုတ် Passbook စာအုပ်ကို ချက်ခြင်းပြန်အပ်ရမည်။ အုပ်ထိန်းသူ/မိဘ ၏ သက်ငယ်ငွေစုဘဏ်စာရင်း အတွင်းကျန်ရှိသည့် ငွေကြေးအားလုံးကို ငွေစာရင်းပိတ်သိမ်းချိန်တွင် အုပ်ထိန်းသူ/မိဘ ထံသို့ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ဘဏ်၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပေးအပ်မည် ဖြစ်သည်။ ကမ္ဘောဇဘဏ် သည် ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားသော အုပ်ထိန်းသူ/မိဘ ၏ ငွေစာရင်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို စစ်ဆေးမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်သို့ အုပ်ထိန်းသူ/မိဘ ကပေးရန် ကျန်ရှိသည့်ပမာဏအတွက် မည်သည့်စာရင်းမှမဆို

ကမ္ဘောဇဘဏ်က နှုတ်ယူပိုင်ခွင့်ရှိသည်။ ထိုလုပ်ငန်းစဉ်များပြီးနောက် ကျန်ရှိသည့်လက်ကျန်ငွေများအားလုံးကို Account transfer ပြုလုပ်ခြင်း သို့မဟုတ် home branch သို့မဟုတ် အုပ်ထိန်းသူ/မိဘ နှင့် နီးစပ်ရာ ကမ္ဘောဇဘဏ်ခွဲများတွင် ငွေသားထုတ်ယူခြင်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၁၅။၄။ လုံလောက်သောအကြောင်းရင်းများအတွက် ငွေစာရင်းကို မည်သည့်အချိန်၌မဆို ကမ္ဘောဇဘဏ်က ပိတ်သိမ်းခွင့်ရှိပြီး ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့် အချိန်ကာလအထိ လက်ကျန်ငွေ "သုည (၀)" ဖြစ်နေသော ငွေစာရင်းများကိုလည်း ကမ္ဘောဇဘဏ်က ပိတ်သိမ်းခွင့်ရှိသည်။

၁၅။၅။ ကမ္ဘောဇဘဏ်က အခါအားလျော်စွာ သတ်မှတ်ထားသည့်ကာလတစ်ခုအထိ ငွေစာရင်းသည် အထုတ်အသွင်းမရှိလျှင် (သို့မဟုတ်) စာရင်းသေဖြစ်နေလျှင် ထိုငွေစာရင်းကို ကမ္ဘောဇဘဏ်က ပိတ်ပင်ခြင်း/ယာယီရပ်ဆိုင်းခြင်းတို့ ပြုလုပ်ခွင့်ရှိသည်။ ကမ္ဘောဇဘဏ်သည် အထုတ်အသွင်းမရှိသောစာရင်း (သို့မဟုတ်) စာရင်းသေစာရင်းများအပေါ် စာရင်းထိန်းသိမ်းခကောက်ခံခွင့်ရှိမည်ဖြစ်ပြီး ထိုစာရင်းထိန်းသိမ်းခအား အုပ်ထိန်းသူ/မိဘ ၏ ငွေစာရင်းမှ နုတ်ယူဖြတ်တောက်သွားမည်ဆိုသည်ကို အုပ်ထိန်းသူ/မိဘအနေဖြင့် သိရှိလက်ခံသဘောတူပါသည်။ ။

၁၅။၆။ အဆိုပါဖြစ်ရပ်တွင် အုပ်ထိန်းသူ/မိဘ က ငွေစာရင်းဖွင့်သည့်ကမ္ဘောဇဘဏ်သို့ လူကိုယ်တိုင်လာ၍ ငွေစာရင်းပြန်ဖွင့်ကာ ကမ္ဘောဇဘဏ်က တောင်းဆိုသည့် KYC (Know Your Customer) လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းရမည်။ ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အခါအားလျော်စွာ ပြင်ဆင်နိုင်သည်ကို အုပ်ထိန်းသူ/မိဘမှ အသိအမှတ်ပြုပါသည်။ ကမ္ဘောဇဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ထိန်းသူ/မိဘ၏ တောင်းဆိုချက်အရ Inactive Account activation လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၅။၇။ ကမ္ဘောဇဘဏ်သည် အခါအားလျော်စွာ ဥပဒေကလိုအပ်သည့်အတိုင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ထံသို့ ဘဏ်သည် အထုတ်အသွင်းမရှိ (သို့မဟုတ်) စာရင်းသေဖြစ်နေသော အပ်ငွေစာရင်း ဆိုင်ရာအချက်အလက်များကို တင်ပြနိုင်သည်။

၁၅။၈။ ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် အပ်ငွေစာရင်း နှင့်/သို့မဟုတ် အတိုးနှုန်း၊ သက်တမ်း၊ အနည်းဆုံးထားရှိရမည်လက်ကျန်ငွေပမာဏ၊ လုပ်ငန်းစဉ်တို့အား ဤတွင်ပါဝင်သောအချက်များသာဖြစ်သည်ဟု ကန့်သတ်ထားခြင်းမရှိဘဲ မည်သည့်အချိန်တွင်မဆို၊ ကြိုတင်အကြောင်းကြားခြင်းကို ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းအား ဆောင်ရွက်ခွင့်ရှိသည်။

၁၅။၉။ ကမ္ဘောဇဘဏ်သည် ငွေစာရင်းဆိုင်ရာ သတင်းအချက်အလက်များအား တရားရုံးနှင့် အစိုးရအာဏာပိုင်များထံ ပေးရန်လိုအပ်လာပါက ပေးပိုင်ခွင့်ရှိကြောင်း အုပ်ထိန်းသူ/မိဘ မှ သိရှိသဘောတူပါသည်။

၁၅။၁၀။ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၁၅။၁၁။ ငွေစာရင်းလုပ်ငန်းဆောင်ရွက်မှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

## ၁၆။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

No.(615/1), Pyay Road, Kamayut Township, Yangon City, Myanmar.
+959 951018555
www.kbzbank.com

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ်ဖြင့်ဖြစ်စေပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဥာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင် ဖြစ်သည်။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ ဥာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ငွေအပ်နှံသူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဥာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည် မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၁၇။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရပ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို အုပ်ထိန်းသူ/မိဘ က သိရှိသဘောတူပါသည်။ ဝဘ်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်း စည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် အုပ်ထိန်းသူ/မိဘ တွင် တာဝန်အပြည့်အဝရှိပါသည်။ ဤစည်းကမ်းသတ်မှတ်ချက်များအား ပြောင်းလဲမှု သို့မဟုတ် ပြောင်းလဲမှုများ ပြုလုပ်ပြီးနောက် ငွေအပ်နှံသူသည် ဤဝန်ဆောင်မှု၏ မည်သည့်အသုံးပြုမှုတိုင်းမဆို ဤပြောင်းလဲသွားသည့် စည်းမျဥ်းစည်းကမ်း သတ်မှတ်ချက်များနှင့် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

## ၁၈။ လွှဲပြောင်းခြင်း

ကမ္ဘောဇဘဏ်၏ စာဖြင့်ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ အုပ်ထိန်းသူ/မိဘ သည် ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များတွင် ပါဝင်သော ၎င်း၏အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းတာဝန်ပေးအပ်ခြင်းမပြုရဘဲ၊ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ တွင်ပါဝင်သော မည်သည့်အစိတ်အပိုင်းမဆိုအား ဖော်ဆောင်ရန်အတွက် မည်သည့်လက်ခွဲစာချုပ်ကိုမဆို ချုပ်ဆိုခြင်းမပြုရ။

## ၁၉။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့် စည်းကမ်းချက်များကို သဘောတူထားသည့် ကမ္ဘောဇဘဏ်နှင့် အုပ်ထိန်းသူ/မိဘ တို့သည် အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သူ၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်းမရှိစေရ။ အုပ်ထိန်းသူ/မိဘ နှင့် ကမ္ဘောဇဘဏ်တို့သည် သီးခြားလွတ်လပ်သောသူများဖြစ်ပြီး မည်သည့်ဖက်ကမဆို အခြားတစ်ဖက်၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်ခြင်းများအတွက် တာဝန်မရှိစေရ။

KBZ BANK
STRENGTH OF MYANMAR

## ၂၀။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား ဥပဒေနှင့်မညီသည့် မည်သည့်ရည်ရွယ်ချက် အတွက်မှ အသုံးပြုမည်မဟုတ်ကြောင်းကို အုပ်ထိန်းသူ/မိဘ မှ အာမခံသည်ဖြစ်သည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် အုပ်ထိန်းသူ/မိဘ မှ သဘောတူသည် ဖြစ်သည်။

## ၂၁။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့် မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှု မရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှုမရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည် ဖြစ်သည်။

## ၂၂။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများကလွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်း စည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

## ၂၃။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။